(ယက္ခ)ရဲကြီး

# မိုးသီးထဲ ပွင့်ခဲ့တဲ့ ပန်းတွေ

နှင့်

အခြားအက်ဆေးများ



# အမှာစာ (၁)

## ကျွန်တော် မြင်သော (ယက္ခ) ရဲကြီး

(ယက္ခ) ရဲကြီးကို ပထမဦးဆုံး သတိထားမိသည်မှာ သူ့ကလောင်နာမည်ဖြစ်သည်။ များသောအားဖြင့် ဒေသစွဲကြီးသော ကျွန်တော်တို့ မြန်မာများ ကလောင်နာမည်တပ်သည့်အခါ နောက်တွင် ဇာတိမြို့အမည်ကို ကွင်းခတ်ထည့်လေ့ရှိသည်။ နိုင်ငံတကာတွင်တော့ သောမတ်စ်အယ်လ်ဖရီးမင်း (မင်နီယာပိုလစ်) တို့ လီယိုတော်လ်စတွိုင်း (စိန့်ပီတာစဘတ်) ဆိုတာမျိုး မတွေ့ရ။ သည်ကလောင်သစ်ကဖြင့် ထူးခြားသည်။ ကလောင်နာမည်နောက်တွင် ဇာတိမြို့ သို့မဟုတ် သူ့ကို အထူးပြုသည့် အမည်နာမတစ်ခုခုကို ကွင်းခတ်ဖော်ပြခြင်း မဟုတ်ဘဲ ပါဠိလို ယက္ခဟုခေါ်သည့် ဘီလူးအမည်ကို ရှေ့က ကွင်းခတ်ထည့်ထားခြင်းဖြစ်သည်။

ကျွန်တော့်ဆီကို အီးမေးလ်မှတစ်ဆင့် သည်ကလောင်နာမည်ဖြင့် ပထမဦးဆုံးစာမူရောက် လာကာစက အတော်မျက်စိလည်သည်။ စာမူကိုဖတ်ကြည့်တော့ သဘောကျသည်။ သို့သော် ပွင့်ပွင့်လင်းလင်းပြောရလျှင် ဘယ်ကဏ္ဍတွင် ထည့်သုံးရမည်မှန်းမသိ။ သူ့အရေးအသားက တိုသည်၊ ကျစ်လစ်သည်၊ စကားလုံး အဆင်တန်ဆာ များများစားစား မပါဘဲ ဖတ်သူကို အတွေးပွားစေသည်။ လက်ရှိနိုင်ငံ၏ အခြေအနေအပေါ် ခံစားမှုနှင့် ဒဿနအမြင်လေးများ အနည်းငယ် ယှက်ဖောက်ထားသည်။ အက်ဆေးအရေးအသားဖက်ကို ပိုယိမ်းသယောင်ရှိသည်။

သူ့စာမူများကို သဘောကျသော်လည်း ဖုတ်ပူမီးတိုက်အကြောင်းအရာများမဟုတ်သည့် အတွက် ချက်ချင်း မသုံးဖြစ်။ သတင်းစာတို့၏ ထုံးစံ လက်ရှိအခြေအနေနှင့် တိုက်ရိုက်ထင်ဟပ်နေသော ဆောင်းပါးများ၊ တစ်နည်းအားဖြင့် ပုံမှန်ရေးနေသော ကလောင်များနှင့်

ရက်နည်းနည်းအောင်းသွားပါက သိုးသွားနိုင်သော အကြောင်းအရာများကို ဦးစားပေး ထည့်နေရသောကြောင့် သူ့ဆောင်းပါးကို ခေတ္တကိုင်ထားဖြစ်သည်။ သည်တွင် အီးမေးလ်ဖြင့် သူ့စာမူ ရွေး၊ မရွေး၊ သုံးဖြစ်၊ မသုံးဖြစ် စုံစမ်းတော့မှ သေချာပေါက်သုံးမည်ဟု အကြောင်းပြန်ပြီး မရှေးမနှောင်းပင် သူ့ဆောင်းပါး စသုံးဖြစ်သည်။ ဆောင်းပါးသုံးပြီးနောက်မှ သူက ဆရာဝန်တစ်ယောက် ဖြစ်မှန်း သိရသည်။ နာမည်အရင်းက ကိုရဲဖြိုးကျော်။ ဆရာဝန်တွေ စာရေးကောင်းသည်ဆိုခြင်းးကို ဘယ်လိုမှ ငြင်း၍ မရ။ ယနေ့စာပေလောကအတွင်းရှိ နာမည်ကျော် စာရေးဆရာများတွင် ဆရာဝန်စာရေးဆရာ အားလုံးပါသည်။

သည်နေရာတွင် ဒေါက်တာရဲဖြိုးကျော်ကို ကျွန်တော်လေးစားမိသည့် အချက်တစ်ချက် ရှိပါသည်။ သည်အချက်က သူ့ပတ်ဝန်းကျင်အသိုင်းအဝိုင်းနှင့်မတူ ခြားနားသည့်အချက်လည်း ဖြစ်သည်။ ကုန်ခဲ့သည့်လအနည်းငယ်ခန့်က ကျွန်တော်တို့ မီဒီယာတွင် ဖော်ပြခဲ့သော ပေးစာတစ်စောင်နှင့် ဆောင်းပါးတစ်စောင်အပေါ်မူတည်ကာ ကျွန်တော်တို့ သတင်းမီဒီယာကို မြန်မာနိုင်ငံတွင် စာအတော်ဆုံးလူအများစုရှိနေသော အဝန်းအဝိုင်းတစ်ခုက အထင်အမြင်လွဲမှားကြသည်။ သာမန် အထင်အမြင်လွဲမှားခြင်းအဆင့်တင်မကဘဲ ထိုအသိုင်းအဝိုင်းမှာ ငယ်ရွယ်သူလူငယ်တစ်စုက ကျွန်တော်တို့မီဒီယာကို သပိတ်မှောက်သည်အထိ ဖြစ်သွားခဲ့သည်။ ထိုအဝန်းအဝိုင်းတွင် ပါနေသော (ယကျွ) ရဲကြီးကိုလည်း ကျွန်တော်တို့ မီဒီယာတွင် ဆက်မရေးရန် တိုက်တွန်းကြသည်။ (ယကျွ) ရဲကြီးက သူတို့စကားကို နားမထောင်သည့်အပြင် ကျွန်တော်တို့မီဒီယာတွင်ပါ အကျိုးတူ ပူးပေါင်းဆောင်ရွက်လိုကြောင်း ကမ်းလှမ်းသည်အထိ သူ့ကိုယ်သူ ပွဲကိုင်ထိန်းကျောင်းပြလိုက် သည်။ ဆိုလိုသည်မှာ (ယကျွ) ရဲကြီးသည် သူမှန်သည်၊ လုပ်သင့်သည်ဟု ယုံကြည်ယူဆသော အကြောင်းကိစ္စတစ်ခုကို သူနှင့်အသွေးတူ၊ အရောင်တူ အသိုင်းအဝိုင်း၏

သဘောထားနှင့် ဆန့်ကျင်ကာ ရဲရဲဝံ့ဝံ့ဆုံးဖြတ်ချက်ချနိုင်သူဖြစ်သည်။ အင်္ဂလိပ်စကားနှင့်ဆိုရပါက အများယောင်တိုင်း လိုက်ယောင်တတ်သည့် everybody သို့မဟုတ် follow the crowd ထဲမှ ရုန်းထွက်နိုင်သည့် somebody ဖြစ်သည်။

ကမ္ဘာကြီး၏ သမိုင်းကြောင်းကို သာမန်
သူလိုငါလိုလူများရေးခဲ့ခြင်းမဟုတ်ဘဲ တစ်စုံတစ်ယောက်အဖြစ် အများနှင့်မတူ ထူးခြားစွာ တွေးခေါ်စဉ်းစားခဲ့သူများက ရေးခဲ့ခြင်း ဖြစ်သည်။ လျှပ်စစ်မီးနှင့် လေယာဉ်ပျံကဲ့သို့ လူသား၊ လူ့ဘောင်အဖွဲ့အစည်း၏ ယဉ်ကျေးမှု အဆင့်အတန်းကို တွန်းတင်ပေးနိုင်သည့် တီထွင်မှုမျိုးကို somebody အနည်းငယ်က စိတ်ကူး၊ ကြံစည်၊ ဖန်တီးခဲ့ခြင်းဖြစ်သည်။ မြန်မာ့သမိုင်းကြောင်းသည်လည်း ထိုသို့ပင်။ နယ်ပယ်အသီးသီး၊ ကဏ္ဍအမျိုးမျိုးအလိုက် ထင်ရှားသူ၊ မထင်ရှားသူ၊ ကျော်ကြားသူ၊ မကျော်ကြားသူ somebody များက အဓိက
ရှေ့ဆောင်ဖန်တီးထုဆစ်ခဲ့ခြင်းဖြစ်သည်။ တစ်ခုရှိသည်မှာ ထိုအမျိုးစားရှိသူတို့ကို လူကြိုက်များချင်မှ များသည်။ သို့သော် ထိုသူတို့သည် လူကြိုက်များခြင်း၊ မများခြင်း၊ လက်ခုပ်သံရ ခြင်း၊ မရခြင်း၊ မိမိကျင်လည်ရာ အဝန်းအဝိုင်းက လက်ခံခြင်း၊ မခံခြင်းထက် လူအများစုအကျိုးရှိမည့် ကိစ္စမျိုးကို မိမိယုံကြည်ချက်အတိုင်း မမှိတ်မသုန် လုပ်ကိုင်တတ်သည်။ ထိုသူတို့သည် လောကကြီးကို မိမိကိုယ်တိုင်နှင့် မိမိအဝန်းအဝိုင်း ချည်တိုင်များမှ ဖယ်ခွာကြည့် တတ်သူများဟု ဆိုရပေမည်။ ထို့ကြောင့် တစ်ခါတစ်ရံ လူအများနှင့် မတူခြားနားသည့် ရှုထောင့်အမြင်မျိုးဖြင့် မြင်တတ်၊ တွေ့တတ်သည်။

(ယက္ခ) ရဲကြီးသည်ကား ထိုအမျိုးအစားပင်တည်း။ ကျွန်တော့်စကား မှန် မမှန် သူရေးထားသော အက်ဆေးဆန်ဆန် အတွေးအမြင်ဆောင်းပါးများကို ဖတ်ကြည့်ပြီးမှ ဆုံးဖြတ်ကြစေလိုသည်။

လေးစားလျက်<br><br>ကျော်မင်းဆွေ

၁၄ နိုဝင်ဘာ၊ ၂၀၁၃။

အမှာစာ (၂)

အရင်ဆုံးပြောချင်တာကတော့ 'စာအုပ်တစ်အုပ်မှာ အမှာစာဝင်ရေးခြင်းမဟုတ်ရပေါင်ပါ ခင်ဗျာ' ဆိုတာကိုပဲဗျို့။

ဒါဆို အမေးထွက်နိုင်သဗျ။ မောင်ရင်က ဘာဝင်လုပ် ဝင်ရေးတာတုန်းရယ်လို့။ ဟုတ်ကဲ့ . . .ရှင်းပါရစေခင်ဗျ။

ကျွန်တော်က ဂတ္တုရှည်တွေ၊ လုံးချင်းတွေထက် ဂတ္တုတိုတွေ၊ အက်ဆေးအတိုအစလေး တွေ၊ ဆောင်းပါးတွေ ရေးရတာ ကို ပိုအားသန်ပါတယ်။ အချိန်ရှားပါးဆင်းရဲလာကြတဲ့ ဒီနေ့ခေတ်လူသားစာဖတ်သမားများအတွက်လည်း ပိုပြီးသင့်တော်မလားလို့ ယူဆလို့ပါ။ ကျွန်တော်ကိုယ်တိုင်လည်း အခုတလောမှာ ဂတ္တုတိုတွေ၊ ဆောင်းပါးတွေ၊ အက်ဆေးတွေ၊ အက်ဆေးတွေ ပိုဖတ်ဖြစ်နေပါတယ်။ အဲဒီ မှာ ကျွန်တော် ဘာသွားတွေ့လည်းဆိုတော့ကာ လူတစ်ယောက်နဲ့ သူ့လက်စွမ်းလက်စခင်ဗျာ။ သူက အက်ဆေးတွေအရေးများတာကို သတိထားမိပါတယ်။ ယက္ခရဲကြီးဆိုပဲ။

တကယ်တမ်းဆိုရရင် ကျွန်တော်တစ်ဦးတည်းသဘောအရ အက်ဆေးဆိုတဲ့ကိစ္စက ဖန်တီးရေးသားရတာ အတော်မလွယ်လှတဲ့ ကိစ္စမျိုးခင်ဗျ။

'အက်ဆေး' ဆိုတာ သိုးဆောင်းစကားဗျ။ တည့်တည့်ပြန်ကြည့်ရရင် စာစီစာကုန်းပေ့ါဗျာ။ ကျောင်းသုံးဝေါဟာရဆန်ဆန် သိနေကြပေမဲ့ တကယ်တန်းကျ အက်ဆေးဆိုတာက အဓိပ္ပာယ်ကျယ်ပြန့်ကျယ်ဝန်းပါသဗျ။ တစ်ခါတုန်းကတော့ အက်ဆေးကို 'အစမ်းစာ' လို့ ဘာသာပြန်ကြသဗျ။ နောက်တော့ 'စာတမ်း' လို့ ပြန်ကြပြန်ပါတယ်။ သို့ပေမဲ့ ပညာရပ်ဆိုင်ရာ စာတမ်းများနဲ့ ရောနှောနေမှာစိုးလို့ စာပေဗိမာန်က 'စာတမ်းငယ်' လို့ ပြန်ပေးခဲ့ပါတယ်။ ဆရာကြီး ဦးအောင်သင်းကတော့ အက်ဆေးမှာ ရသပါတတ်လို့ 'ရသစာတမ်းငယ်' လို့

ဖြည့်စွက်သုံးနှုန်းခဲ့ တယ်လို့ မှတ်သားရဖူးပါတယ်။ ကျွန်တော်မမီလိုက်တဲ့ တခေတ်တခါတုန်းကတော့ လူတစ်ဦးဖန်တီးလိုက်တဲ့ စာတစ်ပုဒ်နဲ့ ပတ်သက်လို့ ဒါဟာ ဂတ္ထုတိုဖြစ်တယ်။ ဒါဟာ အက်ဆေးဖြစ်တယ် စသဖြင့် ငြင်းကြခုန်ကြ ဖြစ်ခဲ့ကြဖူးတဲ့ ခေတ်တစ်ခေတ် ရှိခဲ့ဖူးတယ်လို့လဲ တဆင့်စကား တဆင့်ကြားဖူးနားဂ ရှိခဲ့ရပါတယ်။ လက်ရှိ ကျွန်တော်တို့ဒီဘက်ခေတ် ရောက်လာကြတော့ အဲဒီ ကိစ္စမျိုးတွေနဲ့ ပတ်သက်ပြီး မငြင်းဖြစ်ကြတော့ပါဘူး။ ('ငြင်း' ရင် 'ခုန်' နေကြရမှာစိုးလို့လားတော့ မသိဘူးဗျ။) လူတစ်ယောက် ဖန်တီးလိုက်တဲ့ စာတစ်ပုဒ်ကို အခြားသူ တစ်ယောက်က ဒီအတိုင်းပဲ ဖတ်ရှုခံစားတွေးတောလိုက်ကြပါတယ်။ ကောင်းရင်လည်း ကောင်းသကွာပေ့ါ။ နိပ်ရင်လည်း ဒီလူရေးတဲ့ဒီစာ နိပ်သကွာပေ့ါ။ အက်ဆေးကိုလည်း အက်ဆေးအတိုင်းပဲထားပါတော့တယ်။ ဒါပေမဲ့ ကျွန်တော်တို့ အခု ကာလမှာက စာရေးသူများဟာ လွတ်လပ်လာကြတဲ့ အလျောက် ဂတ္ထုရှည် လုံးချင်းသမားသီးသန့်၊ ဂတ္ထုအတိုသမားသီးသန့်၊ အက်ဆေးသီးသန့်၊ ဆောင်းပါးသီးသန့် စသည်ဖြင့် တစ်လိုင်းထဲသီးသန့်သမားရှားလှပါတယ်။ ဒါပေမဲ့ဆိုတဲ့ ယက္ခရဲကြီး ဆိုသော လူတစ်ယောက်နဲ့ သူပိုင်တဲ့ကလောင်တစ်ချောင်း (အခုခေတ်မှာတော့ ဒီလူ ကလောင်နဲ့ မရေးလောက်ဖူးထင်တယ် . . . မြဝတီမင်းကြီးတို့ ပြည်နဂဒေးကြီးတို့ခေတ်မှ မဟုတ်တာ . . . ဒီလူ ဘောပင်ဖြစ်စေ၊ ခဲတံဖြစ်စေ၊ ကွန်ပျူတာနဲ့ ဖြစ်စေရေးမယ်ထင်တာပဲ) ကတော့ ကျွန်တော် သူ့စာတွေဖတ်ရဖူးသလောက် တလင်တမယားစနစ်ကို အလွန်ဂုဏ်ယူခုံမင်ကြသူများအလား ဖန်တီးဖို့ ခက်လှတဲ့ အက်ဆေးအပေါ် အလွန်သစ္စာရှိလှစွာ ချီတက်နေတာကို သတိထားမိပါတယ်။

သို့သော် . . .

ဒီသို့သော်ကတော့ ဒီစာအစမှာ ကျွန်တော်ဖော်ပြခဲ့တဲ့ 'သူများစာအုပ်မှာ မောင်ရင်က မဆီမဆိုင် ဘာတွေလျှောက်ဝင်ရေးနေတာတုန်း' ဆိုတဲ့ အမေးရဲ့

ရှင်းလင်းချက်ပါခင်ဗျာ။ ဟုတ်ကဲ့ မနေနိုင် မထိုင်နိုင် အူယားလွန်းလို့ ဝင်ရေးမိတာပါ။ ဒီ ယက္ခရဲကြီးဆိုတဲ့လူရဲ့ အက်ဆေးတွေတွေ့ တိုင်း ကျွန်တော်သေချာဖတ်ပါတယ်။ ခံစားတွေးတောပါတယ်။ လောကကြီးမှာ ငါဖတ်ချင်တဲ့ စာမျိုးတွေ ရေးရေးပေးနေတဲ့လူမျိုးလည်း ကျကျနန ရှိပေသေးသကိုးဟ ဆိုပြီး သဘောကျကျနေ ရပါတယ်။ (စာစီစာရိုက်ဆရာ ဆရာမများ အထက်ပါကျွန်တော့်ဝါကျ၏ အဆုံးသတ်နားတွင် 'သ' အက္ခရာကို မမေ့လျော့ ထည့်ပေးစေလိုပါသည်။) သူက အတွေးလွတ်လပ်တယ်။ အရေး လွတ်လပ်တယ်။ စိတ် လွတ်လပ်နေတယ်။ အမြင် ရှုထောင့်တွေ အမျိုးမျိုးရှိတယ်။ အိုဗျာ . . .။ ရေးနေရှည်ပါတယ်။ ကျွန်တော် သူ့အက်ဆေးအချို့ထဲက စာကြောင်းအချို့ အမြည်းပေးလိုက်မယ် ဗျာ။

ဥပမာ - ညှိနှိုင်းတာမျိုးအားနည်းတယ်၊ စိတ်လဲ သိပ်ဝင်စားပုံ မရဘူး။ ငါအမှန်ဆို သူ အမှားပဲဆိုတာမျိုး၊ ရန်သူကို ချေမှုန်းရမယ်ဆိုတာမျိုး၊ ငါနဲ့ မတူရန်သူဆိုတာမျိုး . . . ခင်ဗျား မြင်မှာပါ Win Win Situation ဆိုတာမျိုးကို သိပ်ပြီး နားမလည်နိုင်ဘူး . . .

ကျွန်တော် ဗမာလူမျိုးတခုတည်းကိုပဲ ရည်ညွှန်းတာနော် . . . Ok, anymore?

('ကျွန်တော်တို့လူမျိုးက ပခုံးမတွန့်တတ်ကြပါ' မှ)

'ဖြူတာ မည်းတာထက် တွဲလို့ရတဲ့လက်ဖြစ်ဖို့က အရေးကြီးတာပါ။ ဖြူတဲ့လက်ဖြစ်ဖြစ်၊ မည်းတဲ့လက်ဖြစ်ဖြစ် အတူတွဲပြီး မိုးယိုယိုင်နဲ့နေတဲ့ 'အိမ်' ကို မြန်မြန်ပြင်ကြဖို့ပဲ စဉ်းစားသင့်တယ် မဟုတ်လား'

('အိမ်' မှ)

'အင်္ဂလိပ်လို အသံထွက်မှားမိရင် အပြောမှား အရေးမှားမိရင်တော့ ကျွန်တော်တို့ ကောင်းကောင်းရှက်တတ်ကြပါတယ်။ မြန်မာလူမျိုးများက

မြန်မာစာအသုံးအနှုန်း အထားအသိုမှား နေတာကိုတော့ ဂုဏ်ယူစရာတစ်ခုလိုတောင် ဖြစ်နေကြမလားလို့ဗျာ။ ထောက်ပြသူကိုတောင် “ဘုန်းကြီးကျောင်းသားလား၊ တောကတက်လာတာလား” ဆိုတာမျိုးအထိကတော့ မဖြစ်သင့်တာ မဟုတ်လားခင်ဗျာ။ ကျွန်တော်တို့ မှားနေကြပြီထင်ပါတယ်။’

(‘ယုံကြည်သလိုရေးတဲ့စာ’ မှ)

‘ပြီးခဲ့တဲ့ခေတ်ရဲ့ နိုင်ငံပိုင်သတင်းစာ ဖွင့်ကြည့်လိုက်ရင် ဘုန်းတော်ဘွဲ့နဲ့ ဖော်လံဖားကာတွန်းမျိုးတွေပဲ အမြဲတွေ့နေရတော့ စိတ်မချမ်းသာပါဘူး။ ဒီနေ့ခေတ်ရဲ့ပုဂ္ဂလိက သတင်းစာ၊ ဂျာနယ်များဖွင့်ကြည့်ပြန်တော့လည်း ကာတွန်း ၁၀ ခုမှာ ၉ ခုက အပြစ်ရှာ၊ အဆိုးမြင်၊ အကောင်းသုညဆိုတာမျိုး မြင်ရပြန်တော့ ဝမ်းနည်းရပါတယ်။ ကျန်တဲ့တစ်ခုဟာ ဝါရင့်သက်ကြီး ကာတွန်းဆရာကြီးတွေရဲ့ လက်ရာ ဖြစ်နေတတ်ပါတယ်။’

(‘အရုပ်တွေနဲ့ရေးတဲ့စာ’ မှ)

ဟုတ်ကဲ့။ အဲဒါယက္ခရဲကြီးပါခင်ဗျာ။ သူ့အမြင်၊ သူ့အတွေး၊ သူ့အရေးတွေပါ။ အခုမိတ်ဆွေ ကိုင်ထားတဲ့စာအုပ်ပါပဲ။ ဒီလောက်ဆို ကျွန်တော်ဘာလို့ အူယားလက်ယားပြီး သူများစာအုပ်ထဲ စာတွေလျှောက်ရေးနေရလဲဆိုတာ ရှင်းလောက်မှာပါ။ ယခု ဤစာကို ဤအထိဖတ်နေသော မိတ်ဆွေအား ကျေးဇူးတင်ပါ၏ ။ ယခုမိတ်ဆွေကိုင်၍ ထားသောစာအုပ်အား မိတ်ဆွေသည် ကျွန်တော်နှင့် ခပ်ဆင်ဆင် ပုံစံမျိုးရှိသည်ဆိုပါက ဤစာအုပ်အား မိတ်ဆွေလည်း ကျွန်တော်ကဲ့သို့ သဘောကျလိမ့်မည်ဟု ယုံကြည်ပါသည်။

တွေးစရာတွေတော့ပါလှပါသည်။ အဘယ်ကြောင့်ဆိုသော် ဤစာအုပ်သည် ယက္ခရဲကြီး၏ အက်ဆေးများ ဖြစ်နေသောကြောင့်ဖြစ်ပါကြောင်း။

အရိုး

နိုဝင်ဘာ၊ ၂၀၁၃။

# ကျွန်တော်တို့လူမျိုးက ပုခုံးမတွန့်တတ်ကြပါ



ကျွန်တော်က လူမျိုးခြား Foreigner တစ်ယောက်ကိုမေးခဲ့တယ် . . . လွန်ခဲ့တဲ့ ၄ နှစ် ၅ နှစ် တစ်ရက်က . . . ကျွန်တော်တို့ လူမျိုးကို ခင်ဗျားရဲ့ အတွေ့အကြုံဗဟုသုတများအပေါ် အခြေခံပြီး မှတ်ချက်ပေးစမ်းပါလို့ . . . သူက ကောင်းတာတွေလဲ ရှိပါတယ်ဆိုပြီး ပုခုံးတွန့်ပြတယ် . . . ပြောပါ၊ ပြောသာပြော ၅ နှစ်အထက်တွေ သတ်ပစ်ဆိုတာမျိုးအထိ ခင်ဗျားမှန်တယ်ထင်တာ ပြောဗျာ . . . ကျွန်တော်နားထောင်မှာပါ . . . ဆိုမှ

ခင်ဗျားတို့လူမျိုးက တော်တယ်၊ ဒါ လူမျိုးတိုင်းကို ပြောလို့မရတဲ့ ကောင်းကွက်တစ်ခုပေါ့ . . . ဥပမာ . . . ဂျူးတွေ ဉာဏ်ရည်မြင့်တယ်ဆိုတာမျိုးပေါ့ . . . ခင်ဗျားတို့လူမျိုးကို ညံ့တယ်လို့ ပြောတာမျိုး ကျွန်တော် သိပ်မတွေ့ဘူးဘူး။

နောက်တစ်ခုက သဘောကောင်းတယ်၊ ဖော်ရွေတယ်၊ ခင်မင်တတ်တယ်ဆိုတာမျိုးပေါ့ . . . မှန်သလောက် မှန်ပါတယ် . . . တခြား လူမျိုးများထက် သာပါတယ်။

ဘာသာတရား ကိုင်းရှိုင်းတဲ့အတွက် အများစုက စိတ်နှလုံးနှစ်လိုဖွယ်ရာရှိတယ်။

နောက် . . . သိပ် မသိကြတာက ခင်ဗျားတို့က မျိုးနဲ့ ရိုးနဲ့ စစ်တိုက်တော်တဲ့ လူမျိုးပဲ။ ခင်ဗျားတို့ လူဦးရေ မများခဲ့လို့ . . . မဟုတ်ရင် ခင်ဗျားတို့ဟာ ပြောစမှတ်တွင်လောက်တဲ့ အင်ပါယာ တစ်ခုကို ကောင်းကောင်းထူထောင်နိုင်မှာပဲ။

ကောင်းပြီ . . . ခင်ဗျားတို့မှာ အဆိုးဆုံးအချက်က တခြား အာရှသားတွေလိုပဲ . . . မနာလို မရှုစိမ့်မှုသိပ်ကြီးတဲ့ကိစ္စပဲ . . . ခင်ဗျားတို့က တခြားအာရှသားတွေထက် ပိုဆိုးတယ်လို့ ကျွန်တော်ထင်တယ်။ ခင်ဗျားတို့ အချင်းချင်းကြားထဲမှာဒါဟာ သိပ်ကြီးမား ကျယ်ပြန့်တယ်။ ကျွန်တော်တို့လို အပြင်လူတွေအတွက် မသိသာဘူး။ ဒါဟာ ခင်ဗျားတို့အတွက် ကောင်းတဲ့ကိစ္စ

မဟုတ်ဘူး။ အံ့သြစရာ ကောင်းတာက ခင်ဗျားတို့လူမျိုး ပညာတတ်၊ အဆင့်မြင့်တွေကြားထဲမှာပါ ဒီလိုသဘောထားမျိုး မသေးတာတွေ့ရတာ ပဲ။

ဒုတိယ . . . ခင်ဗျားတို့ မညီညွတ်ကြဘူး . . . သမိုင်းစဉ်ထဲက ညီညွတ်ခြင်းကလဲ အချိန်နေရာအရ လိုအပ်ချက် ကွက်လပ်ပေါ်လာလို့ ညီညွတ်သွားခြင်းမျိုးပဲ . . . Intentionally စိတ်ပါလက်ပါ ရည်ရွယ်ချက်ရှိရှိ ညီညွတ်ခြင်းမျိုး မဟုတ်ဘူး . . . ညီညွတ်ခြင်းအကြောင်းကို တောင် သေချာနားမလည်သေးတာမျိုးဘဲ . . . ကျွန်တော်စိတ်မကောင်းပါဘူး။

အတွင်းကျကျ ကြည့်မြင်မယ်ဆိုရင် ခင်ဗျားတို့ အများစုက “အဆိုးမြင်စိတ်” ကဲတယ် . . . ဒါကတော့ ခင်ဗျားတို့ ဖြတ်သန်းခဲ့ရ၊ ဖြတ်သန်းနေရတဲ့ သမိုင်းနဲ့လဲ ဆိုနိုင်ပါတယ်။

နောက်အရေးပါမယ်လို့ ကျွန်တော်ထင်တာတစ်ခုကတော့ ခင်ဗျားတို့တွေက နည်းနည်း over confidence ဖြစ်နေသလားလို့ . . . ခင်ဗျားတို့မှာ ဆရာက များပြီး တပည့်ရှားနေတာမျိုး ကျွန်တော် ခဏခဏ တွေ့ရတယ် . . . နောက်လိုက်ကောင်းလည်း မလုပ်ချင်ဘူး . . အားလုံးလိုလိုက ကိုယ်ပဲတတ်တယ်လို့ထင်ကြတယ် ... ကျွန်တော် အမြင်မှားနိုင်တယ်နော်။

နောက်ဆုံးကတော့ ခင်ဗျားတို့ သမိုင်းကြောင်းအရ လက်ဝဲအယူအဆ အားကောင်းမောင်းသန်ရှိတုန်းပဲလို့ ကျွန်တော် ထင်တယ် . . . အပေါ်ယံကို မဆိုလို၊ အတွင်းသားကိုသာ ဆိုလိုပါတယ်၊ . . . ဥပမာ . . . ညှိနှိုင်းတာမျိုး အားနည်းတယ်၊ စိတ်လဲသိပ်ဝင်စားပုံမရဘူး၊ ငါအမှန်ဆို သူအမှားပဲဆိုတာမျိုး၊ ရန်သူကို ချေမှုန်းရမယ်ဆိုတာမျိုး၊ ဆိုတာမျိုးကို သိပ်ပြီးနားမလည်နိုင်ကြဘူး . . .။

ကျွန်တော်က ဗမာလူမျိုးတစ်ခုတည်းကိုပဲ ရည်ညွှန်းတာနော်၊ Ok, anymore?

သိပ်ကောင်းပါတယ်ဗျာ . . . ခင်ဗျားကို ကျေးဇူးလည်းတင်ပါတယ်လို့

ပြောတဲ့အချိန်မှာ ကျွန်တော့်ပုခုံးက တွန့် တွန့် သွားရောဗျာ . . .။ ။

(ယက္ခ) ရဲကြီး။ ၂၇.၆.၂၀၁၃။

(The Voice Daily _ 11.7.13)

# ဘတ်စ်ကားစီးတိုင်း
# ကျွန်တော် လူကြီးဖြစ်ချင်တယ်



ဘတ်စ်ကားစီးတိုင်း ကျွန်တော်လူကြီးဖြစ်ချင်တယ်။ စိတ်ဓာတ်ခွန်အား ရင့်ကျက်သန်မာပြီး သား အရွယ်ရောက်ပြီးတဲ့ လူကြီးလည်း ဖြစ်ချင်တယ်။ မကောင်းတာတွေကို မြန်မြန်နိဂုံးချုပ်ပေးပြီး ကောင်းရာမှန်ရာတွေကို မြန်မြန်ပြောင်းလဲ ဖော်ဆောင်ပေးနိုင်တဲ့ အခွင့်အရေးရှိတဲ့ လူကြီးမျိုးလည်း ဖြစ်ချင်တယ်။

မျိုးဆက်သစ်လူငယ်များအတွက် ယဉ်ကျေးမှုနဲ့ ပညာဖြန့်ဝေပေးရာနေရာက စာသင်ကျောင်းနဲ့ တက္ကသိုလ်ဆိုရင် ဆုတ်ယုတ်တဲ့ စိတ်ဓာတ်နဲ့ ရိုင်းစိုင်းအကျည်းတန်တဲ့ စိတ်ထားတွေကို ဖြန့်ဝေပို့ချပေးရာက ဘတ်စ်ကားလို့ ကျွန်တော်ထင်တာပဲ။ အိမ်ထဲမှာပဲ အမြဲနေရတဲ့ကလေးနဲ့ နေ့တိုင်းဘတ်စ်ကားစီးရတဲ့ကလေး ယှဉ်ရင် ဘတ်စ်ကားစီးနေကျကလေး က စိတ်ထားသေးသိမ်ဆုတ်ယုတ်လာ စရာရှိပါတယ်။ သုညကနေ အနုတ်ကိုရောက်သွားတာမျိုး ပေါ့ဗျာ။

စဉ်းစားကြည့်ပါ။ ပုံမှန် မိရိုးဖလာ ဗုဒ္ဓဘာသာ မိဘနှစ်ပါးက မွေးဖွားလာတဲ့သား သို့မဟုတ် သမီးကလေးဟာ လူလူချင်းဖြတ်ကျော်ခွလှီး အသာစီးရလိုမှုတွေ မွေးရာပါတော့ ပါလာမယ် မဟုတ်ဘူး။ ဘတ်စ်ကားကိုသာ စွဲစွဲမြဲမြဲ စီးလာရပြီဆိုရင်တော့ အဆိုပါစိတ်ထားတွေကို အဆစ်လက်ဆောင်အဖြစ် အလိုလိုရရှိလာမှာပါပဲ။ တစ်ကြိမ် နှစ်ကြိမ်မှသည် ကြိမ်ဖန်များစွာဖြစ်လာတဲ့အခါ အမှားဟာ အမှန်ဖြစ်လာတတ်တာ သဘာဝပဲမဟုတ်လား။ ငယ်ရွယ်သူတွေအတွက် အတုခိုးဖို့ ပိုလွယ်၊ စီးကူးဖို့ ပိုလွယ်တဲ့အတွက် ကလေးများအဖို့ ပိုအန္တရာယ်များပါတယ်။

သက်ကြီးရွယ်အို၊ ရဟန်းသံဃာ၊ ကိုယ်ဝန်ဆောင်နဲ့ မစွမ်းမသန်သူတွေကို နေရာဖယ်ပေးသူ တစ်ဦးတွေ့တိုင်း မသိဟန်ဆောင်ပြီး မျက်နှာလွှဲနေတတ်သူ ၅ ဦး ၆ ဦး အမြဲတွေ့ရမှာပါ။ သံဃာခုံမှာ ဝင်လုထိုင်တတ်တဲ့သူမျိုး၊ သံဃာက ဘေးမှာရပ်နေတာတောင်

စပယ်ယာမအော်မချင်း မထတဲ့ သူမျိုးကိုလည်း မကြာခဏဆိုသလို တွေ့ရနိုင်ပါတယ်။

ထိုင်ခုံလုတယ်ဆိုတာ ပုံမှန်လုပ်ရပ်တစ်ခု။ သိက္ခာတွေ၊ လူကြီးလူကောင်းဆန်မှုတွေနဲ့ မဆိုင်ဘူး။ ဘတ်စ်ကားစီးရင် ခုံလုရမှာပဲ။ ခုံဦးရမှာပဲ။ ထမယ် ဆင်းမယ် ထင်ရတဲ့ ထိုင်ခုံဘေးမှာ ကြိုရပ်ဖို့တောင် ဦးကြရဦးမှာ။ ကိုယ်ရပ်နေတဲ့ထိုင်ခုံကို ဘေးလူတိုးပြီး လုမယူနိုင်အောင် ကာကွယ်ရဦးမှာ။ ကိုယ်ရပ်နေတဲ့ ခရီးသည် ထရင် သူ့နေရာကို အရင်ဆုံး၊ အမြန်ဆုံးဝင်ထိုင်နိုင်ဖို့ ကြိုးစားရဦးမှာ။ တခြားလူတွေက သူတို့ကိစ္စ။ အဖြူခံပေါ်မှာ ဆိုးပေးမယ့်ဆေးတွေ။

ဘတ်စ်ကားဆိုတာ သမီးရည်းစားအတွဲတွေ ပွတ်သီးပွတ်သပ်နဲ့ ချစ်ကြင်ယုယမှုတွေ အများသူငါရှေ့မှာ ဖွင့်ချပြီး သက်သေပြဖို့နေရာကောင်းတစ်ခု ဖြစ်ပါသေးတယ်။ မျက်နှာလွှဲလိုက လွှဲနိုင်ပါတယ်။ မလွှဲလိုကလည်း သဘောပါပဲ။ ကိုယ့်ကလေးကိုတော့ အာရုံလွှဲထားပေးဖို့ လိုကောင်းလိုပါလိမ့်မယ်။

တစ်နေ့တာ ဘတ်စ်ကားစီးတဲ့အချိန်မှာ ဆဲသံတစ်ချက်မကြားရဘူးဆိုရင်တော့ ကိုယ့်ပေါင်ကိုယ် ဆိတ်ကြည့်ဖို့လိုပါပြီ။ ဘေးမှာထိုင်နေတဲ့ ကိုယ်တော်တွေ၊ ပြည့်ကျပ်နေတဲ့ ကျားမရွယ်အို၊ သားသည်အမေ ဘယ်သူပဲရှိရှိ သူ့ကားပေါ်ရောက်လာသူ သူ့ဆဲသံနာခံရမည်ဆိုတဲ့ ဒရိုင်ဘာများက ဆဲနည်းပေါင်းစုံ၊ ဆဲပုံပေါင်းစုံကို ဌန်ကရိုဏ်းကျကျဖြစ်အောင် သင်ပေးပါလိမ့်မယ်။ ငါနဲ့မတူ ရန်သူ၊ ငါသာအမြဲမှန် ကျန်သူအမြဲမှား၊ ထိတွေ့ပွတ်တိုက်မှုတိုင်းမှာ ငါက အသာရအောင် ကြိုပြီးနင်းထားမှ . . . ဆိုတဲ့ အိုင်ဒီယော်လော်ဂျီတွေပါ သွတ်သွင်းပေးကြပါလိမ့်ဦးမယ်။ အနည်းဆုံးတော့ အလိုမကျမှုနဲ့ တွေ့တဲ့အခါ လျှိုဏ်သံပါပါနဲ့ ခပ်ပြင်းပြင်း တက်ခေါက်သံမျိုးကို အလိုလိုတတ်မြောက်လာနိုင်ပါတယ်။ ညစ်ညမ်းတဲ့ပတ်ဝန်းကျင်ကို ဗဟိုပြုပြီးထွက်ပေါ်လာတဲ့ ခေတ်ကာလ ဘန်းစကားများလည်း ကြွယ်ဝလာနိုင်ပါတယ်။

ဒီနယ်ပယ်တစ်ခုလုံးရဲ့ ဟီးရိုးကြီးအဖြစ် ကလေးတိုင်းအားကျ ေးမောရမယ့်သူကတော့ စပယ်ယာပါပဲ။ အပေါ်ပိုင်းဗလာကျင်းနဲ့ ချွေးတရွှဲရွှဲဆိုတာ လူပုံအလယ်မှာ နေချင်သလိုနေနိုင်ပါ ရောလား ခင်ဗျာ။ မထိစပ်လိုသူက ရှောင်ရှားရပါလိမ့်မယ်။ ပါးစပ်က ပြောချင်တာပြောပိုင်ခွင့် ရှိပါသေးဗျာ။ “အခုထွက်မယ်၊ တော်ကြာ ထွက်မယ်၊ ထွက်ချင်မှလဲထွက်မယ်” ဆိုတာမျိုးကို ဟန်အပြည့် မာန်အပြည့်နဲ့ ရွတ်ပြလိုက်တာများ အားကျစရာကြီးပေပေါ့။ ဘယ်သူကမှ ပြန်မပြောရဲ၊ ဘယ်သူကမှ မဝေဖန်၊ မထောက်ပြရဲ၊ တကယ့်လူစွမ်းကောင်းကြီးပါခင်ဗျာ။ မိန်းကလေးငယ်ငယ် များဆို လက်မောင်းသားလောက်ကိုတော့ အလိုအလျောက် ကိုင်ခွင့်ရထားပြီးသား။ သူမျက်စိကျ ရင် ကျသလို ခါးကလေး၊ တင်ကလေး တွန်းတင်ပေးနိုင်ပါသေးဗျာ။ လူပျိုပေါက်ကလေးများ ညဘက်အိပ်မက်ထဲ စပယ်ယာဘဝ ခဏခဏမက်ကြလိမ့်မလား ထင်မိပါသေးရဲ့။

ဝင်ဆိုဝင်၊ ထွက်ဆိုထွက်၊ ပေးဆိုပေး၊ ယူဆိုယူ။ မကြည်မသာ ဟန်ပြရင် လူပုံအလယ် အရှက်ခွဲမယ့် စကားလုံးများအလွန်လှပပါရဲ့။ စိတ်ဆတ်တဲ့ စပယ်ရာနဲ့တွေ့ရင် ‘ဆရာရေ ဟိုးထား’ ဆိုတဲ့ပြီး ကားကြီးကို ဒက်စတော့အုပ်လို့ တံခါးဂလက်ညှိုးညွှန် ဆင်းခိုင်းနိုင်ပါသေးရဲ့။ အဘိုးအို၊ အမယ်အို အကဲပိုလို့တော့ဖြင့် ခပ်ဆတ်ဆတ်လေးဆွဲချခံရဦးမှာပါ။ အောက်ရောက်လို့ လဲလဲကွဲကွဲ ကားကြီးကတော့ ‘ဆွဲဆရာရေ’ ဆိုပြီး ထားခဲ့မှာပဲ။

တိုင်မယ်ဆိုရင်တော့လည်း ရကောင်းရနိုင်ပါတယ်။ သတိထားရန်ကတော့ တိုင်မယ့်လူဟာ သိုသိုသိပ်သိပ်လုပ်ဖို့ပါပဲ။ မဟုတ်ရင် အုပ်စုနဲ့ဖြစ်စေ၊ နှစ်ယောက်သုံးယောက်ဖြစ်စေ ဝိုင်းရိုက်ခံရ နိုင်တာမျိုး ကြားဖူးနားဝတော့ ရှိထားသင့်ပါတယ်။

ပြန်ပြင်ထားတဲ့ခုံတွေဟာ တရားဝင်ဖြစ်ပါတယ်။ မဆီလျော်လျှင်လည်း ဒါဟာ တရားဝင်ပါပဲ။ ၃ ယောက်စီးရမယ်ဆိုလျှင် ၃ ယောက်စီးရမှာပါပဲ။ ကျပ်တယ်၊

မြင့်တယ်၊ သေးတယ် ပြောခွင့်မရှိစေရ။ တပ်ဆင်သူ၊ စိစစ်သူများဆိုတာ ကားပိုင်ရှင်တစ်ဦးရဲ့ မျက်နှာသာ ကြည့်ဖို့လိုပြီး စားသုံးသူ လူများစုမျက်နှာကို ကြည့်ရန်မလိုဘူးပေါ့ဗျာ။ ဘယ်သူသေသေ ငတေမာ မဟုတ်သော်လည်း ဘယ်သူကျပ်ကျပ် ငတေမြတ်ရင် ပြီးစတမ်းပေါ့ခင်ဗျာ။

အဆိုးဆုံးထဲက တစ်ခုကတော့ လူပိုမတင်ရ၊ ဆေးလိပ်မသောက်ရ၊ ယာဉ်မောင်း ယာဉ်နောက်လိုက် လိုက်နာရန်များ၊ အဖွဲ့အစည်း၏ ရည်ရွယ်ချက်များ၊ ကျေနပ်မှုမရှိကတိုင်ကြား ရန် စတဲ့ ကားနံရံပေါ်က စာသားများပါပဲ။ ဒီစာတွေဟာ တရားဝင်တဲ့ စည်းကမ်းစသည် ဖြစ်ပေမယ့် ဘတ်စ်ကားစီးနေကျလူများရဲ့ စိတ်ထဲမှာတော့ အလှမဟုတ်ရင် မျက်စိရှုပ်စရာ စာသားတွေထက် မပိုပါဘူး။ ငယ်ရွယ်သူများရဲ့ စိတ်ထဲမယ် ငါတို့တိုင်းပြည်က ဒီလိုပါပဲ၊ ရေးထားတာ ရေးထားတာပဲ၊ လက်တွေ့ကလက်တွေ့ပဲဆိုတဲ့ အတွေးမျိုး လွယ်လွယ်လေးအမြစ်တွယ်အောင် လုပ်ပေးလိုက် သလိုပါပဲ။ မလုပ်နိုင်ရင်လည်း ဖြုတ်ထားလိုက်တာ ပိုမကောင်းပါလားဗျာ။ အနုတ်ထက်စာရင် သုညက ပိုကောင်းမယ်လေ။

ကားမှန်ပေါက်ကို လက်ထောက်ပြီး ငေးမယ်ဆိုရင် လမ်းဘေးကလူတွေ ရှုံ့ဗွက်ပေစင်ကုန် တာကြည့်ပြီး နှလုံးသားတွေ မာကျောလာနိုင်ပါတယ်။ လမ်းပြောင်းပြန်မောင်းခွင့်၊ အလယ်လမ်း (middle lane) မှာ ရပ်ခွင့်၊ ကားသေးလေးများကို ဖိလို့ပွတ်လို့ ကြီးနိုင်ငယ်ညှဉ်းခွင့်တွေကို ထပ်တွေ့နိုင်ပါသေးတယ်။ ထိုအခွင့်အရေးတွေကို ဝယ်တဲ့ ငွေစက္ကူလုံးကလေးများနဲ့ ယာဉ်ထိန်းရဲ ကြီးကို လှမ်းလှမ်းပေါက်တာမျိုး အမြဲတွေ့နေရတဲ့ အဖျှတ္တတွေဟာ ဘယ်လိုအရောင်မျိုးဖြစ်လာနိုင် မှာလဲလို့ဗျာ။

'ဆေးလိပ်မသောက်ရ' ဆိုတဲ့ အနီရောင်စာတန်းကြီးအောက်က စီးကရက်ဖွာနေတဲ့ ဒရိုင်ဘာ။ လူတက်လူဆင်း တံခါးဂမှာ စီးကရက်ငွေ့တွေ မှုတ်ထုတ်နေတဲ့ စပယ်ယာ။ နိစ္စဓူဝ ဆိုးရွားတဲ့ ဒီလိုပြယုဂ်တွေဟာ တစ်စုံတစ်ရာကို

စိတ်ပါလက်ပါ ရှိနေ ထွေနေသလားလို့တောင် ထင်မိပါရဲ့။

ရန်ကုန်မြို့ကြီးဆိုတာက တစ်နိုင်ငံလုံးရဲ့ မြို့တော်ကြီးတစ်ခု မဟုတ်လား။ တိုင်းသူပြည်သားဆိုတာ တစ်ခုခုအရေးရှိရင် မြို့တော်ကို ချီတက်ကြရတာ မျိုးကို။ မြို့တော်မှာ ဘတ်စ်ကားစီးရမှာပေါ့ဗျာ။ ဘတ်စ်ကားပေါ်ရောက်တဲ့အချိန်မှာပဲ ငါတို့တိုင်းပြည်က ဒါပါလားဆိုတာ သိခွင့်ရသွားတော့တာပါပဲ။ ငါတို့ တိုင်းပြည်မှာ ဒီလိုနေလို့၊ ဒီလိုလုပ်လို့ ရပါသလားပေါ့ ခင်ဗျာ။ ရိုးသားတဲ့ နယ်သူနယ်သားများအတွက် မဟာရန်ကုန်မြို့တော်ကြီးရဲ့ လက်ဆောင်မွန်ပါပဲ။ ကျွန်တော်ကိုယ်တိုင်တွေ့ခဲ့ဘူးတဲ့ အညာသားကြီးတစ်ဦးက သူ့ကလေးငယ် ကိုအသာဖက်ပြီး မျက်နှာကို သူ့လုံချည်ထဲထည့်ထား၊ နားကိုလက်ဝါးနဲ့ ကာထားပေးတာကို မျက်စိထဲက မထွက်နိုင်အောင် အမြဲပဲရှိနေပါတော့တယ်။

ကျွန်တော်တို့တိုင်းပြည်က ကမ္ဘာပေါ်မှာ တီဘီရောဂါကူးစက်နှုန်းရော ဖြစ်ပွားနှုန်းရော အလွန်မြင့်မားတဲ့နိုင်ငံတွေထဲက တစ်ခုဖြစ်ပါတယ်။ ဆရာဝန်များရဲ့ အဆိုအရ မြန်မာပြည်သားတိုင်းဟာ တီဘီရောဂါပိုးနဲ့ ထိတွေ့ပြီးသားပါတဲ့။ တစ်ခါထိတွေ့ရုံနဲ့ ကူးချင်မှကူးမှာ ဖြစ်ပေမယ့် လူပေါင်းများစွာကျပ်ညပ်ပြီး ပြင်ပလေရှူခွင့်မရနိုင်တဲ့ ဘတ်စ်ကားထဲမှာ နေ့စဉ်ထိတွေ့ ရသူများအဖို့တော့ ရောဂါကူးစက်မှု အလွယ်တကူပဲ ဖြစ်စေနိုင်ပါတယ်။ နိုင်ငံခြားသားပညာရှင် တစ်ဦးအဆိုအရ မြန်မာနိုင်ငံရဲ့ တီဘီကူးစက်မှုနည်းလမ်းတွေထဲမှာ မြို့ပတ်ရထားနဲ့ ဘတ်စ်ကားဟာ အရေးပါတဲ့နေရာမှာရှိတယ်လို့ဆိုပါတယ်။ ပိတ်သင့်တဲ့အထဲမယ် မျက်စိနဲ့ နားအပြင် နှာခေါင်းပါ ပါလာပါတော့တယ်။

အခြားတစ်ခုက ဘတ်စ်ကားဆိုတာ တခါတရံနဲ့ ခဏတာ စီးရတာ မျိုး မဟုတ်ပေပဲကိုဗျာ။ အခုများဆို ပိုလို့တောင်ကြာပါသေးရဲ့။ မနက်အလုပ်ဆင်း၊ ညအလုပ်ပြန် တစ်ရက်ကို ၂ နာရီ ၃ နာရီ ဘတ်စ်ကားပေါ်မှာ အချိန်ကုန်နေရသူတွေ

များစွာပါ။ အများအားဖြင့်လည်း ကားပေါ်မှာ အားနေတတ်ကြပါသေးတယ်။ ရင့်ကျက်ပြီးသူတွေအတွက် တရားမှတ်နေလို့ရပေမယ့် ငယ်ရွယ်သူ များအဖို့တော့ အလွယ်တကူ စီးကူးစေဖို့ကောင်းတဲ့ အားလပ်ချိန်တွေပါပဲ။ အကောင်း အဆိုး အားလုံးကို စုပ်ယူသိမ်းဆည်းထားလိုက်မယ့် ဦးနှောက်ငယ်ငယ်တွေကို မြင်ကြည့်လိုက်ပါ။

အပျိုမလေးရဲ့နောက်ပိုင်းကို အတင်းတိုးဖိကပ်နေတဲ့ ပြုံးစိစိလူကြီးကို ငေးကြည့်နေတဲ့ မျက်လုံးလေးတွေ . . .

ပြူတင်းပေါက်ကနေ ဆတ်ခနဲထွက်ပြီး ခပ်ဝေးဝေးကို အားနဲ့ ထွေးလိုက်တဲ့ စပယ်ယာရဲ့ ကွမ်းတံတွေးကို ငေးကြည့်နေတဲ့ မျက်လုံးလေးတွေ . . .

ကားဟွန်းကို လက်နှစ်ဖက် စုံထောက်ပြီး တစ်စုံတစ်ရာကို အားမာန်အပြည့်နဲ့ ဆဲရေးလိုက်တဲ့ ဒရိုင်ဘာကြီးကို ငေးကြည့်နေတဲ့ မျက်လုံးလေးတွေ . . .

နားထဲမှာ သီချင်းနားကြပ်တပ်ထားတဲ့ ကျောပိုးအိတ်နဲ့ ကောင်လေးက လွတ်သွားတဲ့နေရာ ကို တိုးဝင်အထိုင်မှာ ယိုင်သွားလို့ ထိုင်ခုံကို ဖမ်းဆွဲလိုက်ရတဲ့ အဘွားအိုကို ငေးကြည့်နေတဲ့ မျက်လုံးလေးတွေ . . .

စပယ်ယာကြီးရဲ့ လက်နဲ့အပြိုင် ပြန်ထောင်ပြတဲ့ ယာဉ်ထိန်းရဲကြီးရဲ့ လက်ချောင်းတွေကို ငေးကြည့်နေတဲ့ မျက်လုံးလေးတွေ . . .

ပိုက်ဆံမပေးရသေးဘဲ စပယ်ယာကို ခပ်တည်တည်ပြန်ကြည့်နေတဲ့ ခရီးသည်ကြီးကို ငေးကြည့်နေတဲ့ မျက်လုံးလေးတွေ . . .

ပါးချင်းအပ်နေတဲ့စုံတွေကို ငေးကြည့်နေတဲ့ မျက်လုံးလေးတွေ . . .

နံရံပေါ်ကစာတန်းတွေကို ငေးကြည့်နေတဲ့ မျက်လုံးလေးတွေ . . .

ဒရိုင်ဘာကြီးဆီကို ကွမ်းယာထုပ်လာပေးတဲ့ ကွမ်းယာသည်မလေးရဲ့

မချိုမချဉ်မျက်နှာကို ငေးကြည့်နေတဲ့ မျက်လုံးလေးတွေ . . .

အကြွေစက္ကူတွေကို ခါးပုံထဲထိုးလိပ်လိုက်ပြီးတဲ့နောက် တက်လာတဲ့ ခရီးသည်တွေအတွက် အကြွေပြန်မအမ်းနိုင်တော့တဲ့ စပယ်ယာကြီးကို ငေးကြည့်နေတဲ့ မျက်လုံးလေးတွေ . . .

နေ့တိုင်းပုံမှန်ရွတ်နေကျ စကားလုံးတွေကို နေ့တိုင်းပုံမှန်ရွတ်နေကျ သံစဉ်၊ မျက်နှာပေးနဲ့ရွတ်ရင်း ကားဘေးရောက်ရောက်လာတဲ့ ခြေကောင်းလက်ကောင်း သူဖုန်းစားကြီးကို ငေးကြည့်နေတဲ့ မျက်လုံးလေးတွေ. . .

အားလုံးဟာ ကျွန်တော်တို့ရဲ့ အနာဂတ်တွေပါ။ အဲဒီ မျက်လုံးကတစ်ဆင့် ဖော်ဆောင်လာမယ့် နှလုံးသားပိုင်ရှင်တွေဟာ ကျွန်တော်တို့ တိုင်းပြည်ရဲ့ အနာဂတ်တွေပါ။

နောင်တစ်ခေတ်ရဲ့ခေါင်းဆောင်တွေကို ဖြစ်နိုင်ရင် ဘတ်စ်ကားမစီးစေချင်ဘူးဗျာ။ မဖြစ်နိုင် ရင်လည်း ဒီလိုမဟုတ်တဲ့ ဘတ်စ်ကားတွေပဲ စီးစေချင်တယ်။

ဘတ်စ်ကားစီးတိုင်း ကျွန်တော်ကတော့ လူကြီးဖြစ်ချင်တယ်။ စိတ်ဓာတ်ခွန်အား ရင့်ကျက်သန်မာပြီးသား အရွယ်ရောက်ပြီးတဲ့လူကြီးလည်း ဖြစ်ချင်တယ်။ မကောင်းတာတွေကို မြန်မြန်နိဂုံးချုပ်ပေးနိုင်ပြီး ကောင်းရာမွန်ရာတွေကို မြန်မြန်ပြောင်းလဲဖော်ဆောင်ပေးနိုင်တဲ့ လူကြီးမျိုးလည်း ဖြစ်ချင်ပါတယ်။ ။

(ယက္ခ) ရဲကြီး၊ ၂၀.၇.၁၃။

(The Voice Daily _ 25.7.13)